# TMH Telecom Public Company Limited (TMH) ၏ နှစ်ဝက်စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များကို ထုတ်ပြန်ကြေညာခြင်း

TMH Telecom Public Company Limited (TMH)၊ စီမံခန့်ခွဲရေးအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ (နှစ်ဝက်ကာလ) ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက် နေ့ထိ ၆ လအတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ကြေညာချက်ဖြစ်၍ ထိုဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်နှင့်အတူတွဲ၍ အောက်ဖော်ပြပါ လေ့လာသုံးသပ်ချက်များကို ဖတ်ရှုလေ့လာနိုင်ပါသည်။

အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိသော ငွေပမာဏဖော်ပြချက်များအားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်** **(Kyat in thousand)**

| | HY (2018-2019) | HY (2017-2018) | % Change |
|---|---:|---:|---:|
| Revenue | 5,437,437 | 4,029,040 | 35.0% |
| Costs of Good Sold | (3,753,253) | (1,582,796) | 137.1% |
| Gross Profit | 1,684,184 | 2,446,244 | -31.4% |
| Other Income | 62,087 | 24,640 | 152.0% |
| Expense | (1,046,553) | (1,612,076) | -35.1% |
| Profit Before Tax | 699,717 | 858,808 | -18.5% |
| Tax Expense | (346,935) | (171,762) | 101% |
| Net Profit After Tax | 352,782 | 687,046 | - 48.5% |
| Other Comprehensive Income | - | - | - |
| Total Comprehensive Income | **352,782** | **687,046** | |

**Address : No. 54, Eastern Business Centre, Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ထိ ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေသည် ယခင်နှစ်များ၏ အလားတူကာလများထက် ကျော်လွန်ကာ ကျပ် (၄.၀) ဘီလီယံမှ ကျပ် (၅.၄) ဘီလီယံသို့ သိသာထင်ရှားစွာ တိုးတက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် (၃၅%) တိုးတက်ခဲ့ပါသည်။ ယှဉ်ပြိုင်မှုပြင်းထန်သည့် ဆက်သွယ်ရေးကဏ္ဍဖြစ်သော်လည်း ယင်းသို့တိုးတက်လာရခြင်းမှာ ကုမ္ပဏီ၏ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေသည် (၃၅) ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း အခွန်လျာထားပြီးအသားတင်အမြတ်သည် ယခင်နှစ်များ၏ အလားတူကာလများနှင့် နှိုင်းယှဉ်ပါက (၄၈.၅) ရာခိုင်နှုန်း၊ ကျပ်ငွေ (၀.၃၅) ဘီလီယံသို့ လျော့ကျခဲ့ပါသည်။ ထိုကဲ့သို့လျော့ကျရခြင်းမှာ ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများသည် အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများဖြစ်စေရေး ပြည်ပကုမ္ပဏီများမှ ဝယ်ယူရာတွင် နိုင်ငံခြားငွေဖြင့် ဝယ်ယူခဲ့ရသည့်အတွက် ယခင်နှစ်များထက် စရိတ်ပိုမိုတိုးလာခြင်းများဖြစ်ပြီး (၁၃၇.၁) ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲခဲ့ရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လ (နှစ်ဝက်ကာလ) တွင် ရရှိသောဝင်ငွေများကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

**လုပ်ငန်းကဏ္ဍအလိုက်ဖော်ပြမှု**

**(Kyat in thousand)**

| | HY 2018-19 | HY 2017-18 | % Change |
|---|---|---|---|
| Project Income | 4,601,731 | 3,065,244 | 50% |
| Prepaid Card Commission Income | 94,860 | 239,608 | -60% |
| Production / KDDI Bonus Commission Income | 740,846 | 724,188 | 2% |
| Total | 5,437,437 | 4,029,040 | 35% |

# ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်

(Kyat in thousand)

| | HY 2018-19 | HY 2017-18 |
|---|---|---|
| Assets | | |
| Total Non-Current Assets | 4,912,036 | 4,946,113 |
| Total Current Assets | 13,220,766 | 14,892,800 |
| Total Assets | 18,132,802 | 19,838,913 |
| Equity | | |
| Total Equity | 16,034,341 | 18,049,821 |
| Total current Liabilities | 2,098,460 | 1,789,092 |
| Total Equity & Liabilities | 18,132,802 | 19,838,913 |

ကုမ္ပဏီ၏ လက်ငင်းရရန်ပိုင်ခွင့်များသည် ယခုနှစ်ဝက်ကာလတွင် ကောက်ခံရရှိထားပြီး ပုံသေပိုင်ပစ္စည်းအနည်းငယ်ထပ်မံဝယ်ယူခဲ့ခြင်းကြောင့် ပြောင်းလဲမှုရှိခဲ့ပါသည်။ ယခုလက်တလောပေးရန်တာဝန်များမှာလည်း အခွန်ထမ်းဆောင်ရန်အတွက် စီစစ်ဆဲကာလဖြစ်ခြင်း၊ အခြားပေးရန်တာဝန်များမှာ စာရင်းကာလသတ်မှတ်ချက်ကြောင့်သာ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်၍ ယခုအခါပေးချေပြီးဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

**သုံးသပ်ချက်နှင့် အလားအလာ**

TMH ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် အစီရင်ခံတင်ပြလိုသည်မှာ -

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမ (၆) လပတ်၏ ရလဒ်များအရ ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပထမ (၆) လပတ်ကာလနှင့် နှိုင်းယှဉ်ပါက ဝင်ငွေမှာ တိုးတက်ခဲ့သော်လည်း အသားတင်အမြတ်မှာ လျော့နည်းကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ အဓိကအကြောင်းရင်းများမှာ လုပ်ငန်းလုပ်ဆောင်မှုများမှ ပိုမိုရရှိခဲ့သော်လည်း ကုန်ကြမ်းပစ္စည်းဝယ်ယူမှု ကုန်ကျစရိတ်မှာ သိသိသာသာမြင့်တက်လာခဲ့ခြင်းနှင့် ဝန်ဆောင်မှုစရိတ်များပြားခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လာမည့်ဒုတိယ (၆) လပတ်အတွင်း ကုန်ကျစရိတ်များကို လျော့ချနိုင်ရန် အထူးကြိုးပမ်းသွားမည်ဖြစ်ပြီး အကျိုးအမြတ်ပိုမိုရရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ၏ အနာဂါတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ အမြတ်အစွန်းရရှိမှုအခြေအနေသည် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်မှု အပြည့်အဝရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် စီးပွားရေးအခွင့်အလမ်းကောင်းများနှင့်အတူ ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်တွင် ပွင့်လင်းမြင်သာမှုရှိသော စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီတစ်ခုအနေဖြင့် ပြည်တွင်း/ ပြည်ပမှ စီးပွားရေးမိတ်ဖက်များနှင့်အတူ ယခုထက်ပို၍ အရည်အသွေး ပြည့်မီသော လုပ်ငန်းလုပ်ဆောင်မှုများကို ပိုမိုအကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်
အုပ်ချုပ်မှုဒါရိုက်တာ
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်

Address : No. 54, Eastern Business Centre, Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com